*Karen Women's Organization*
P.O. Box 19, Mae Sariang, Mae Hong Son, 58110, Thailand,
Email: kwocentral@gmail.com
Website: www.karenwomen.org

# ဆဌမအကြိမ်မြောက် ကရင်အမျိုးသမီးအစည်းအရုံး(KWO) ညီလာခံ ထုတ်ပြန်ကြေညာချက်

ဖေဖော်ဝါရီလ ၈ ရက် ၂၀၁၃ခုနှစ်။

ကရင်အမျိုးသမီးအစည်းအရုံး(KWO)၏ ဆဌမအကြိမ်မြောက် ညီလာခံကို ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ်ရှိ လေးဝါးစခန်းနေရာ၌ ၂၀၁၃ခုနှစ်၊ ဖေဖော်ဝါရီလ ၁ရက်နေ့မှ ၈ရက်နေ့အထိ ကျင်းပခဲ့ကြသည်။ ၎င်းညီလာခံသို့ ခရိုင်(၇)ခုမှ ကိုယ်စားလှယ်များ၊ အထူးဒေသမှ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် လေ့လာသူများ စုစုပေါင်း (၁၃၈)ဦး တက်ရောက်ခဲ့ကြသည်။

ညီလာခံတွင် KWO ၏ လုပ်ငန်းစဉ်များကို ပြန်လည်သုံးသပ်ခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြန်လည် ဖြည့်စွက်ပြင်ဆင် အတည်ပြုခြင်း၊ ရှေ့လုပ်ငန်းစဉ်များ ချမှတ်ခြင်း၊ လက်ရှိဖြစ်ပေါ်နေသော နိုင်ငံရေးအခြေအနေများကို လေ့လာသုံးသပ်ခြင်းနှင့် ဒုက္ခသည်များအား နေရပ်သို့ ပြန်လည်နေရာချထားရေး လုပ်ငန်းစဉ်များတွင် အမျိုးသမီးများ ပူးပေါင်းပါဝင်နိုင်ရေး စသည့်ကိစ္စရပ်များကို ဆွေးနွေးဆုံးဖြတ်ခဲ့ကြသည်။

ထို့အပြင် ကရင်အမျိုးသားအစည်းအရုံးနှင့် မြန်မာအစိုးရတို့၏ ငြိမ်းချမ်းရေးဆိုင်ရာ တွေ့ဆုံဆွေးနွေးမှုများမှာ အကျိုးရလဒ်များ ရှိသကဲ့သို့ စိန်ခေါ်မှုများစွာ ရှိနေသေးသည်ကိုလည်း ကရင်အမျိုးသမီးအစည်းအရုံးမှ လေ့လာတွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ စစ်မှန်၍ တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးကို ကရင်တမျိုးသားလုံး ရရှိနိုင်ရန် ကရင်အမျိုးသမီးအစည်းအရုံးအနေဖြင့် ရှေ့ဆက်၍ အတူတကွ ပူးပေါင်းပါဝင် လုပ်ဆောင်သွားမည်ဖြစ်သည်။

အဆိုပါညီလာခံ၌ KWO ၏ ဥက္ကဋ္ဌအဖြစ် နန်းဒါးအဲ့ကလယ်၊ ဒုဥက္ကဋ္ဌအဖြစ် နော်ဖောဒေးတိုး၊ အထွေထွေ အတွင်းရေးမှူးအဖြစ် နော်ကညောဖော၊ တွဲဖက်အတွင်းရေးမှူး(၁)အဖြစ် နော်တာမလာစော၊ တွဲဖက်အတွင်းရေးမှူး(၂) အဖြစ် နော်စီးယိုဖောတို့ အပါအဝင် ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် (၁၁)ဦးကို ရွေးကောက်တင်မြှောက်ခဲ့ကြသည်။

ဆက်သွယ်ရန်-
နော်ဘလူးမင်းနိုက်ဇန်    +၆၆ (၀) ၈၈ ၅၄၅၅၇၄၆
နော်ဝါးခုရှီး        + ၆၆(၀) ၈၆၁၁၈၂၂၆၁